# ဂျူဘာငြိမ်းချမ်းရေးသဘောတူစာချုပ်နှင့် ဆူဒန်အကူးအပြောင်း – အာဏာခွဲဝေခြင်းလော သို့တည်းမဟုတ် ဒီမိုကရေစီတည်ဆောက်ခြင်းလော။

ပညာရပ်စာတမ်း အမှတ် ၂၊ ၂၀၂၃ ခုနှစ် ဧပြီလ

*Sami A. Saeed*

ဂျူဘာငြိမ်းချမ်းရေးသဘောတူစာချုပ် (Juba Peace Agreement) (JPA) ကို ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၃ ရက်တွင် ဆူဒန်အစိုးရနှင့် ဆူဒန် တော်လှန်ရေးတပ်ဦး (Sudan Revolutionary Front) (SRF) အမည်ရှိ လက်နက်ကိုင်လှုပ်ရှားမှု အုပ်စုများနှင့် နိုင်ငံရေးအုပ်စုများ ညွန့်ပေါင်းအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်ဘက်တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးတစ်စိတ်တစ်ဒေသ အောင်မြင်မှုရရှိခဲ့ပါသည်။ ယုံကြည်မှုတည်ဆောက်ရေးနှင့် နိုင်ငံရေးသဘောတူညီမှု၊ ညှိနှိုင်းဆွေးနွေးမှုတို့ ပေါ်ပေါက်နိုင်သည့် အခြေအနေကောင်းများ ဖန်တီးရေးအတွက်လည်း လမ်းဖွင့်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင်အမျိုးသား ကွန်ဂရက်ပါတီ (National Congress Party) (NCP) ခေါင်းဆောင် သမ္မတ အိုမာအယ်ဘာရှီရ် (Omar al-Bashir) ၏ အာဏာရှင်အစိုးရ ပြုတ်ကျသွားပြီးနောက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ယင်းအခြေအနေကောင်းများ လိုအပ်သည်ဟု အသိအမှတ်ပြုကြပါသည်။

**JPA ကို အကူးအပြောင်းကာလအတွက် ချမှတ်သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး အစီအမံများ၏ တစ်စိတ်တစ်ဒေသ အဖြစ် လက်မှတ်ရေးထိုး ခဲ့ခြင်းဖြစ်ပါသည်။**

JPA ကို အကူးအပြောင်းကာလအတွက် ချမှတ်သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး အစီအမံများ၏ တစ်စိတ်တစ်ဒေသအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ JPA တွင် တန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှု မပြုရေး၊ အရပ်ဘက် ဒီမိုကရေစီနည်းကျ ဖက်ဒရယ်နိုင်ငံတော် တည်ထောင်ရေး၊ ပဋိပက္ခကြောင့် ထိခိုက်သော နယ်မြေဒေသများတွင် တန်းတူရေး အထူးစီမံဆောင်ရွက်ချက် (affirmative action) နှင့် အကူးအပြောင်းကာလ တရားမျှတမှု (transitional justice) အပါအဝင် ဒီမိုကရေစီ မူ အများအပြားကို အလေးအနက် ဖော်ပြထားပါသည်။ သဘောတူစာချုပ်တွင် 'Hawakeer' (ဟာဝါကီးယား) ခေါ် မြေအသုံးပြုခွင့် (land-use concessions) ကိစ္စရပ်များ၊ စားကျက်မြေအခွင့်အရေးများနှင့် စခန်းတွင်နေထိုင်သူများ၏ အခွင့်အရေးများ၊ ရေကာတာနှင့် စပ်လျဉ်း၍ ရပိုင်ခွင့်တောင်းခံသူများနှင့် တရားမျှတမှု မရှိသော သတ္တုတွင်း တူးဖော်မှုကြောင့် ထိခိုက်သူများ၏ အကျိုးစီးပွားများကို အထူး အလေးထား ဖော်ပြထားပါသည်။

သို့ရာတွင် JPA ၌ ချမှတ်ခဲ့သော အာဏာခွဲဝေသည့် ချဉ်းကပ်ပုံသည် ၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသော ချဉ်းကပ်ပုံနှင့် ဆန့်ကျင်ပါသည်။ ကြေညာချက်တွင် အကူးအပြောင်းအစိုးရ၏ အဓိက ဦးစားပေးလုပ်ငန်းကို ငြိမ်းချမ်းရေး

တည်ဆောက်ခြင်းဟု ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်မှာ ဆူဒန်နိုင်ငံတွင် ပြည်တွင်းစစ် ဖြစ်ပွားရခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အရင်းအမြစ် အကြောင်းများကို ဖြေရှင်းရန် ရည်ရွယ်ပါသည်။ ဤရည်ရွယ်ချက် အောင်မြင်ရန် နိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေး ပကတိ အခြေအနေကို သိရှိနားလည်ရန်လည်းကောင်း၊ လက်ရှိအဆင့်တွင် ဆူဒန်နိုင်ငံ၏ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်လျက် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး၊ ဖွံ့ဖြိုးရေးနှင့် နိုင်ငံရေး တည်ငြိမ်မှုရှိရေး အထောက်အကူပြုမည့် နည်းလမ်းများ ဖော်ထုတ်ရန် လည်းကောင်း လိုအပ်ပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်ပါ ချဉ်းကပ်ပုံမှာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို ဒီမိုကရေစီ တည်ဆောက်ရေး၊ ဒီမိုကရေစီရေရှည်တည်တံ့စေရေး လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို ဒီမိုကရေစီ အကူးအပြောင်းနှင့် တစ်ပေါင်းတည်း စုစည်းဆောင်ရွက်လျက် လုပ်ငန်းစဉ်နှစ်ရပ်ကို အပြန်အလှန် အားဖြည့်လျက် တည်မြဲစေခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း ၃၀ ကျော် အာဏာရှင်စနစ် ကျင့်သုံးခဲ့ပြီးနောက် ဆူဒန်ပြည်သူလူထုသည် ငြိမ်းချမ်းသော ဒီမိုကရေစီ အနာဂတ်ကို မျှော်လင့်တောင့်တလျက် ရှိပါသည်။ စင်စစ် ဒီမိုကရေစီစနစ် အောင်မြင်စွာ တည်ထောင်နိုင်ရန် အရေးကြီးသော်လည်း ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာ ကူးပြောင်းခြင်းတို့အကြား လစ်ဟာချက်ကို ပေါင်းကူးပေးရမည့် စိန်ခေါ်မှုအခက်အခဲကို နိုင်ငံရေးအုပ်ချုပ်သူ အလွှာများအနေဖြင့် အလေးထားမှု နည်းပါးခဲ့ကြောင်း ယခုအခါ ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ ရေရှည်တည်တံ့နိုင်မည့် ငြိမ်းချမ်းရေး တည်ဆောက်နေစဉ် တစ်ချိန်တည်းမှာပင် ဆူဒန်နိုင်ငံ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေး အားပေးမြှင့်တင်နိုင်သည့် သင့်တော်သော နည်းလမ်းများကို သိရှိနားလည်မှု မရှိခြင်းကြောင့် အလေးထားမှု နည်းပါးခဲ့ခြင်း ဖြစ်ပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာ ကူးပြောင်းခြင်းတို့အကြား လစ်ဟာချက်ကို ပေါင်းကူးပေးရမည့် စိန်ခေါ်မှုအခက်အခဲကို နိုင်ငံရေး အုပ်ချုပ်သူ အလွှာများအနေဖြင့် အလေးထားမှု နည်းပါးခဲ့ကြောင်း ယခုအခါ ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။

## ဆူဒန်နိုင်ငံတွင် ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေး၏ အရေးပါပုံ

ဆူဒန်နိုင်ငံ၏ ဒီမိုကရေစီ အသွင်ပြောင်းလဲမှုများမှာ အကြောင်းအမျိုးမျိုးကြောင့် နောက်ပြန်ဆုတ်ပြီး ပျက်ပြားခဲ့ရပါသည်။ စစ်မှန်သော ငြိမ်းချမ်းရေး မရရှိဘဲ စစ်ပွဲများ ဆက်လက်ဖြစ်ပွားခြင်းသည်လည်း အကြောင်းတစ်ရပ် ဖြစ်ပါသည်။ စစ်အာဏာရှင် အုပ်ချုပ်မှုများကြောင့်လည်း စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခ ပေါ်ပေါက်လာပြီး ဆက်လက်ဖြစ်ပွားစေခဲ့ပါသည်။ ထိုအခါ အကူးအပြောင်း အစိုးရများအတွက် အဟန့်အတားများ ကြုံတွေ့ရပြီး ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားခြင်းကြောင့် ဆူဒန်နိုင်ငံတွင် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများလည်း ပျက်ပြားခဲ့ရပါသည်။

၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို အကူးအပြောင်းကာလ အတွင်း ဦးစားပေးအဖြစ် သတ်မှတ်ပါသည်။ ပထမ ၆ လ အတွင်း ငြိမ်းချမ်းရေးကို ဦးစားပေးလျက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း အပိုဒ် ၇ နှင့်

၂၀၁၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကြေညာချက်တွင် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းကို အကူးအပြောင်းကာလ အတွင်း ဦးစားပေးအဖြစ် သတ်မှတ်ပါသည်။

၈ တွင် ပြဋ္ဌာန်းထားပါသည်။ အထူးလုပ်ငန်းတာဝန်အဖြစ် အပိုဒ် ၈ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> တရားမျှတသော ဘက်စုံ ငြိမ်းချမ်းရေး ရရှိရန်လည်းကောင်း၊ ဆူဒန် ပြဿနာ၏ အရင်းအမြစ်များကို ဖြေရှင်းခြင်းဖြင့် စစ်မက် ဖြစ်ပွားခြင်းကို အဆုံးသတ်ရန်နှင့် စစ်မက်ဖြစ်ပွားခြင်းကြောင့် ဖြစ်ပေါ်သည့် သက်ရောက်မှုများကို ဖြေရှင်းရန်လည်းကောင်း၊ အားသွန်ကြိုးပမ်းရေးနှင့် စစ်ကြောင့် ထိခိုက်သော နယ်မြေဒေသများ၊ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများနှင့် ထိခိုက်မှုအများဆုံး လူအုပ်စုများအတွက် ယာယီ ဦးစားပေး အစီအမံများ ဆောင်ရွက်ပေးနိုင်ရန် ထည့်သွင်းစဉ်းစားရေး
> (International IDEA 2019: အခန်း ၁၅၊ အပိုဒ် ဖ၈)

အခန်း ၁၅ တွင် အကူးအပြောင်းကာလအတွင်း အစိုးရအဖွဲ့အစည်းဌာနများ ဆောင်ရွက်ရမည့် ‘ဘက်စုံငြိမ်းချမ်းရေး ကိစ္စရပ်များ’ ကို ဖော်ပြလျက် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသည့် လုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေး၏ အရေးပါပုံကို အလေးအနက်ပြုထားပါသည်။ စင်စစ် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်အတွက် အင်စတီကျူးရှင်း (အဖွဲ့အစည်း စနစ်) ပိုင်းနှင့် ဥပဒေပြုအပိုင်း လုပ်ငန်းများ၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ ယင်းကြိုးပမ်းဆောင်ရွက်ချက်များအနက် ဂျူဘာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများလည်း အပါအဝင် ဖြစ်ပြီး အကူးအပြောင်းကာလ အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဘက်စုံ ငြိမ်းချမ်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီအတွက် ငြိမ်းချမ်းရေးသည် အရေးပါသကဲ့သို့ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီသည် အရေးပါ ပါသည်။ ဆူဒန်နိုင်ငံတွင် ဒီမိုကရေစီ အကူးအပြောင်း မပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ ငြိမ်းချမ်းရေး ဆောင်ရွက်မှုများ အောင်မြင်မှု မရရှိဘဲ ထိခိုက်ပျက်ပြားလျက်ရှိပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ဆူဒန်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Volker Perthes (ဗော်လ်ကာပါးသ်စ်) သည် ၂၀၂၂ခုနှစ် စက်တင်ဘာလက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ရှင်းလင်းတင်ပြရာ၌ ‘ဂျူဘာ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို အကောင်အထည် ဖော်မှု မရှိခြင်းကြောင့် မတည်ငြိမ်မှု ပိုမို ဖြစ်ပွားကြောင်း’ အလေးအနက် ဖော်ပြခဲ့ပါသည်။ ကြွယ်ဝချမ်းသာမှု မျှဝေရေး၊ တရားမျှတမှု၊ မြေယာကိစ္စရပ်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDP) များ နေရပ်ပြန်ရေး အပါအဝင် ဒါဖူး (Darfur) တွင် ဖြစ်ပွားနေသော ပဋိပက္ခကို မောင်းနှင်ပေးနေသည့် အကြောင်းအချက်များကို ဖြေရှင်းပေးမည့် နောက်ဆက်တွဲ သဘောတူညီချက်များကိုလည်း အပြည့်အဝ ဆောင်ရွက်နိုင်ခြင်း မရှိပါ။

ယင်းကိစ္စရပ်များကို နိုင်ငံရေးသဘောတူညီချက် မရှိဘဲ ဆောင်ရွက်မည်ဆိုပါက ခက်ခဲပါမည် (Perthes 2022)။ ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားခြင်း၊ တရားမျှတမှု၊ မြေယာကိစ္စရပ်များကို ဖြေရှင်းရေး၊ ပြည်တွင်းနေရပ်စွန့်ခွာရသူများ နေရပ်ပြန်ရေး အပါအဝင် ပဋိပက္ခကို မောင်းနှင်နေသည့် အကြောင်းအချက်များကို ဖြေရှင်းရန် သဘောတူညီထားသော လုပ်ငန်းအဆင့်များမှာ နောက်ဆုံးသတ်မှတ်ရက်များ ကျော်လွန်ခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။

နိုင်ငံရေး သဘောတူညီချက် မရရှိဘဲ ဤကိစ္စရပ်များတွင် တိုးတက်မှုရရှိရန် ခက်ခဲပါမည်။

## အာဏာခွဲဝေခြင်းနှင့် ဒီမိုကရေစီအကူးအပြောင်း

**ဒီမိုကရေစီဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ ချဉ်းကပ်ပုံနှစ်မျိုး အကြား အဓိက ကွဲပြား ခြားနားမှုမှာ ငြိမ်းချမ်းရေး တည်ဆောက်သည့် ချဉ်းကပ် ပုံ၌ ပြည်နယ်အဆင့်တွင် ဒီမိုကရေစီ ဖော်ဆောင်ရေး ကို ရှင်းလင်းစွာ အပြည့်အစုံ ဆောင်ရွက်ပြီး အာဏာခွဲဝေ သည့် ချဉ်းကပ်ပုံ၌ဗဟိုအစိုးရက တစ်ဘက်၊ ဗဟိုအစိုးရနှင့် ယှဉ်ပြိုင်၍ အာဏာ ကျင့်သုံးသောအဖွဲ့(များ)က တစ်ဘက် အာဏာကို ခွဲဝေရယူကြပါသည်။**

အကျိုးသက်ဆိုင်ပါဝင်သူများအနေဖြင့် ကနဦးကပင် သဘောတူညီရန် လိုအပ်သည့် ပဏာမ ကိစ္စရပ်မှာ ဆူဒန် ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ကျင့်သုံးမည့် ချဉ်းကပ်ပုံဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် အကူးအပြောင်းကာလ အစိုးရ တည်ထောင်လျက် ငြိမ်းချမ်းရေး တည်ဆောက်နေစဉ် ဆူဒန်နိုင်ငံအတွင်း၌ ပြည်တွင်းစစ်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားရခြင်း အရင်းအမြစ် အကြောင်းများကို ဖြေရှင်းရန် နည်းလမ်းကို ချမှတ်ခဲ့သော်လည်း ဂျူဘာငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းသူများ ကျင့်သုံးခဲ့သည့် ချဉ်းကပ်ပုံမှာ ယင်းနည်းလမ်းနှင့် မတူညီဘဲ အာဏာခွဲဝေရေး ချဉ်းကပ်ပုံဖြစ်ပါသည်။ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ ထို ချဉ်းကပ်ပုံနှစ်မျိုးအကြား အဓိက ကွဲပြားခြားနားမှုမှာ ငြိမ်းချမ်းရေး တည်ဆောက်သည့် ချဉ်းကပ်ပုံ၌ ပြည်နယ်အဆင့်တွင် ဒီမိုကရေစီဖော်ဆောင်ရေးကို ရှင်းလင်းစွာ အပြည့်အစုံ ဆောင်ရွက်ပြီး အာဏာခွဲဝေသည့် ချဉ်းကပ်ပုံ၌ ဗဟိုအစိုးရက တစ်ဘက်၊ ဗဟိုအစိုးရနှင့် ယှဉ်ပြိုင်၍ အာဏာကျင့်သုံးသော အဖွဲ့(များ) ကတစ်ဘက် အာဏာကို ခွဲဝေရယူကြပါသည် (Bormann and Elbadawi 2021: 17)။

စင်စစ် ရေရှည်တည်တံ့ခိုင်မာပြီး အများပါဝင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ဒီမိုကရေစီဖော်ဆောင်မှုကို ဦးစားပေးဆောင်ရွက်ရန် အရေးပါကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် အထင်အရှား ဖော်ပြထားပါသည်။ ဆူဒန်နိုင်ငံ၏ ဒီမိုကရေစီနည်းကျ နိုင်ငံရေး အကူးအပြောင်းတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု သဘောတရား လက်တွေ့အသုံးပြုပုံကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် အပုဒ် ၆၈၊ စာပိုဒ် (က) တွင် ရှင်းလင်းစွာ ဖော်ပြထားပြီး အကူးအပြောင်းကာလအတွင်း နိုင်ငံတော်အဆင့် အဖွဲ့အစည်းများသည် 'တရားမျှတသည့် ဘက်စုံ ငြိမ်းချမ်းရေး ရရှိရေး၊ ဆူဒန်ပြဿနာ၏ အရင်းအမြစ်များကို ဖြေရှင်းခြင်းနှင့် ပြဿနာ၏ သက်ရောက်မှုများကို ကုစားခြင်းတို့ဖြင့် စစ်မက်ဖြစ်ပွားမှုကို အဆုံးသတ်စေရေး၊ စစ်မက်ဖြစ်ပွားခြင်းကြောင့် ထိခိုက်သော နယ်မြေဒေသများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နယ်မြေဒေသများကို ဦးစားပေးသည့် ယာယီအစီအမံများ လုပ်ဆောင်ရန် ထည့်သွင်းစဉ်းစားရေး၊ ဖယ်ကြဉ်ခံရခြင်းကိစ္စရပ်များနှင့် ဘာဂရပ်တည်ရန် ခက်ခဲပြီး ထိခိုက်မှုအများဆုံး ကြုံတွေ့ရသည့် အုပ်စုများဆိုင်ရာ ကိစ္စရပ်များကို ကုစားပေးရေး' တို့ကို ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဤဖော်ပြချက် စာသားမှာ ငြိမ်းချမ်းရေးတည်ဆောက်မှု ချဉ်းကပ်ပုံ (ဆူဒန်ပြဿနာ၏ အရင်းအမြစ်များကို ဖြေရှင်းခြင်းနှင့် ပြဿနာ၏ သက်ရောက်မှုများကို ကုစားခြင်း) နှင့် စစ်ကြောင့် ထိခိုက်သော နယ်မြေဒေသများနှင့် ဖွံ့ဖြိုးမှု နည်းပါးသော နယ်မြေဒေသများအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းများ (ယာယီဦးစားပေးအစီအမံများ) ကို အကျဉ်းချုပ် ဖော်ပြချက်ပင် ဖြစ်ပါသည်။ ဆူဒန်တွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်ရန် ကြိုးပမ်းခဲ့ပြီး အောင်မြင်မှု မရရှိခဲ့သည့် ယခင် ငြိမ်းချမ်းရေးသဘောတူစာချုပ်များ၌ ပါဝင်ခဲ့သော လုပ်ပိုင်ခွင့်အာဏာနှင့် ကြွယ်ဝချမ်းသာမှုတို့ကို သာတူညီမျှ ခွဲဝေရေး အယူအဆမှာ ယခု ကြေညာချက်တွင် ပါဝင်ခြင်း မရှိတော့ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်ရန် စံနှုန်းများနှင့် နည်းလမ်းများကို ဖော်ပြထားပြီး ဂျူဘာ (Juba) ငြိမ်းချမ်းရေးသဘောတူစာချုပ်မှာမူ အဓိကအားဖြင့် အာဏာခွဲဝေရေး အယူအဆအပေါ် အခြေခံပါသည်။ ဂျူဘာ (Juba) ငြိမ်းချမ်းရေးသဘောတူစာချုပ်မှ ထွက်ပေါ်လာသောရလဒ်ကို ကြည့်ခြင်းဖြင့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖြစ်ရန် ဒီမိုကရေစီ ရှိရမည်ဟု ယူဆသတ်မှတ်ခဲ့ခြင်းမရှိကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ အာဏာ ခွဲဝေရေးနှင့် အာဏာပိုင်းခြားသတ်မှတ်ရေးတို့ကို ဒီမိုကရေစီဖော်ဆောင်ရေး အားပေးမြှင့်တင်သည့် အစီအမံများနှင့် သီးခြားစီ ဆောင်ရွက်ပါသည်။ အများပြည်သူ နိုင်ငံရေးနယ်ပယ်တွင် နိုင်ငံရေးပါတီ တစ်စုက လက်ဝါးကြီးမအုပ်ရန်နှင့် ပြုပြင်ပြောင်းလဲရေး သို့မဟုတ် ဒီမိုကရေစီ အကူးအပြောင်းကို ကာကွယ်စောင့်ရှောက်ရေး အကြောင်းပြချက်ဖြင့် အခြားသူများကို ဖယ်ထုတ်ခြင်း မပြုရန် တောင်းဆိုသံများ အထင်အရှား ထွက်ပေါ်နေစဉ် ဤသို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုငြိမ်းချမ်းရေးသဘောတူစာချုပ်သည် အသွင်ကူးပြောင်းရေးအာဏာပိုင်အဖွဲ့အစည်းများတည်ထောင်ရာတွင် ဒီမိုကရေစီနည်းလမ်းကို အသုံးပြုရမည့်အစား သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသူများကိုသာ အခွင့်သာစေမည့်၊ ခွဲခြားဆက်ဆံရေးမူဝါဒအပေါ်အခြေခံသည့် အာဏာခွဲဝေရေးနည်းလမ်းကို အသုံးပြုထားသည်။

ဤနေရာ၌ ဘက်စုံသဘောတရားမူဘောင်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ဒီမိုကရေစီ ဖော်ဆောင်ရေးကို အထောက်အကူ ဖြစ်မဖြစ် မေးခွန်းထုတ်ဖွယ်ရာရှိပါသည်။ အာရန် လစ်ပ်ဟတ် (Arend Lijphart) ရေးသားသော ဒီမိုကရေစီပုံသဏ္ဌာန်များ (Patterns of Democracy) စာအုပ်တွင် 'တစ်ညီတစ်ညွတ်တည်းရှိရေး ဒီမိုကရေစီ' ('unanimous democracy') ဟူသော ဝေါဟာရကို တီထွင် အသုံးပြုလျက် ဒီမိုကရေစီအုပ်ချုပ်မှုအဖွဲ့အစည်းစနစ်များတွင် လူတိုင်း နေရာတစ်နေရာရရှိကာ ပါဝင်ခွင့်ရှိသင့်ကြောင်း ရည်ညွှန်းဖော်ပြထားပါသည်။ ဆူဒန်နိုင်ငံ အခြေအနေတွင်မူ အများသဘောဆန္ဒနှင့်အညီ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအပေါ် ယုံကြည်သော အင်အားစုများအားလုံးအား ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပါဝင်စေပြီး ယင်းအင်အားစုများက ဒီမိုကရေစီကိုဖော်ဆောင်သည့် "အများသဘောဆန္ဒကိုအခြေခံသောဒီမိုကရေစီ (consensual democracy)" တစ်ရပ်ကို တောင်းဆိုခြင်းက ပိုမို၍သင့်လျော်ပါလိမ့်မည်။ ပစ်ပါနော်ရစ်စ် Pippa Norris (2005) ၏ 'Stable Democracy and Good Governance in Divided Societies: Do Power–Sharing Institutions Work?' (ကွဲပြားသော လူ့အဖွဲ့အစည်းများတွင် တည်ငြိမ်မှုရှိသော ဒီမိုကရေစီနှင့် ကောင်းမွန်သောအုပ်ချုပ်မှု – အာဏာခွဲဝေအုပ်ချုပ်သည့် အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များ အောင်မြင်နိုင်ပါသလား) ဟု ခေါင်းစဉ် အမည်ရ စာတမ်းတွင် စစ်မက်ကာလ အလွန် လူ့အဖွဲ့အစည်းများ၌ အာဏာခွဲဝေမှုနည်းလမ်းများသည် အမှန်တကယ် အသုံးဝင်မှုရှိ၊မရှိကို ကြောင်းကျိုးဆီလျော်စွာ ထုတ်ဖော်ဆွေးနွေးထားပါသည်။[၁] ဒီမိုကရေစီစနစ်သစ်ကို တည်ဆောက်

၁ နော်ရစ်စ်၏ မှတ်ချက်ကို လေ့လာနိုင်ပါသည်။ 'Consociational theory (ကွန်ဆိုဆီယေးရှင်နယ်သီအိုရီ ခေါ် အုပ်ချုပ်သူများအာဏာခွဲဝေရေးအယူအဆ) အရ အာဏာခွဲဝေရေး အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်)များကြောင့် အရေးပါသော အကျိုးဆက်အများအပြား ထွက်ပေါ်လာမည်ဟု ဆိုနိုင်ပါသည်။ အုပ်ချုပ်သူအလွှာများအကြား ညှိနှိုင်းလိုက်လျောခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လွယ်ကူချောမွေ့စေနိုင်သည့် အကျိုးဆက်လည်း ပါဝင်ပါသည်။ သို့ဖြစ်၍ အာဏာခွဲဝေရေး အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်)များသည် ကွဲပြားမှုရှိနေသော လူ့အဖွဲ့အစည်းများတွင် တည်ငြိမ်သော ဒီမိုကရေစီနှင့် ကောင်းမွန်သော အုပ်ချုပ်မှု တည်ထောင်ရန် ကြိုးပမ်းရသည့် နိုင်ငံများနှင့် အသင့်တော်ဆုံးဖြစ်ပါသည်'(2005: 2)။

လျက် စစ်မက်အလွန် စိန်ခေါ်မှုအခက်အခဲများနှင့် အာဏာရှင်စနစ်အလွန် စိန်ခေါ်မှုအခက်အခဲများကို အများသဘောဆန္ဒကို အခြေခံသော အယူအဆ (consensual theory) ကျင့်သုံးလျက် ဖြေရှင်းရန်ဖြစ်ပါသည်။ အများသဘောတူဆန္ဒကိုရရှိသည့် အာဏာပိုင် (consensual authority) သည် ခေါင်းဆောင်လျက်ရှိသည့် အုပ်ချုပ်သူအလွှာများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လွယ်ကူချောမွေ့စေရန် အလားအလာအကောင်းဆုံးဖြစ်ပါသည်။

**ဒီမိုကရေစီ ရေရှည်တည်တံ့ထွန်းကားရန် အာဏာခွဲဝေခြင်းအပြင် အခြားသောအပိုင်းကဏ္ဍများ အများအပြား လိုအပ်ခြင်းကြောင့် အာဏာခွဲဝေခြင်းသည် ဒီမိုကရေစီ ရေရှည်တည်တံ့ထွန်းကားရေးအတွက် အကျိုးပြုသည့် အထောက်အထား အားနည်းပါသည်။**

နီးလ်စ်ခရစ်ရှန်ဘောမင်း (Nils–Christian Bormann) နှင့် အီဘရာဟင်အယ်ဘာဒါဝီ (Ibrahim El–Badawi) တို့ ရေးသားသော ‘The Juba Power–Sharing Peace Agreement: Will It Promote Peace and Democratic Transition in Sudan?’ (ဂျူဘာ အာဏာခွဲဝေရေး ငြိမ်းချမ်းရေးသဘောတူစာချုပ် – ဆူဒန်တွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အကူးအပြောင်းကို အားပေးမြှင့်တင်ပေးနိုင်မည်လော) ဆောင်းပါးတွင် ဂျူဘာငြိမ်းချမ်းရေးသဘောတူစာချုပ် (JPA) ကို အတိအလင်း ရည်ညွှန်းလျက် ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်မှစ၍ နိုင်ငံအသီးသီးရှိ ပြည်တွင်းစစ်လွန် လူ့အဖွဲ့အစည်းများ၌ အာဏာခွဲဝေသော သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည့် ဆက်စပ်ပကတိအခြေအနေများကို ဆန်းစစ်ထားပါသည်။ အာဏာခွဲဝေရေး သဘောတူညီချက် အများအပြားတွင် ဖယ်ကြဉ်ခံတိုင်းရင်းသား အုပ်စုများ ထိရောက်စွာ ပေါင်းစည်းပါဝင်နိုင်စေမည့် အခွင့်အလမ်းများ ပါရှိပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန် အခွင့်အလမ်းများ တိုးတက်များပြားစေသည်ဟု ဆောင်းပါးတွင် ကောက်ချက်ချထားပါသည်။ အာဏာခွဲဝေခြင်းဖြင့် စိတ်သဘောထားအားဖြင့် လည်းကောင်း၊ နယ်မြေဒေသအားဖြင့်လည်းကောင်း ကွဲပြားနေသည့် လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ ကိုယ်စားပြုမှုရှိသော အစိုးရများ ပေါ်ပေါက်လာပြီး ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန် အခွင့်အလမ်း ပိုမိုကောင်းမွန်လာနိုင်ပါသည်။ သို့သော် ဒီမိုကရေစီ ရေရှည်တည်တံ့ထွန်းကားရန်မှာမူ အာဏာခွဲဝေခြင်းအပြင် အခြားသော အပိုင်းကဏ္ဍများ အများအပြား လိုအပ်ခြင်းကြောင့် အာဏာခွဲဝေခြင်းသည် ဒီမိုကရေစီ ရေရှည်တည်တံ့ထွန်းကားရေးအတွက် အကျိုးပြုသည့် အထောက်အထား အားနည်းကြောင်း စာရေးသူများက အလေးအနက် ဖော်ပြထားပါသည်။ ဤအကြောင်းကြောင့် ဆူဒန်တွင် ရေရှည်တည်တံ့သော ဘက်စုံ ငြိမ်းချမ်းရေးကို JPA ဖြင့် ရယူနိုင်ဖွယ် ရှိမရှိ စာရေးသူများက မေးခွန်းထုတ်ထားပါသည် (Bormann and El–Badawi 2021: 7)။

ငြိမ်းချမ်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် သင့်တော်သော ချဉ်းကပ်ပုံနည်းလမ်းဖြင့် ဆွေးနွေးဆောင်ရွက်ပါက ‘ကောင်းမွန်သော’ သဘောတူစာချုပ်ကို ရရှိပြီး ရေရှည်တည်တံ့သည့် ငြိမ်းရေးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မသင့်တော်သော ချဉ်းကပ်ပုံနည်းလမ်းကို ကျင့်သုံးပါက ‘ညံ့ဖျင်းသော’ သဘောတူစာချုပ်ကို ရရှိပြီး နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပျက်ပြားခြင်းများကိုပင် ကြုံတွေ့ရမည်ဖြစ်ကြောင်း ဂျွန်အာနိုး (Jean Arnault) က ဆိုပါသည်။ ကောင်းမွန်သော သဘောတူစာချုပ်တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များသည် တိကျသေချာစွာ ရေးသားပြုစုထားခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ တရားနည်းလမ်းကျခြင်း၊ အကောင်အထည်ဖော်မည့် အချိန်ဇယားကို အသေးစိတ် ထည့်သွင်းထားခြင်း ကဲ့သို့သော တင်းကြပ်သည့် စံနှုန်းများ၊ လိုအပ်ချက်များ စသည်တို့နှင့် ကိုက်ညီရမည်ဖြစ်ကြောင်းကိုလည်း သတိမူသင့်ပါသည် (Arnault 2006)။

သို့ဖြစ်၍ အာဏာခွဲဝေခြင်းအပေါ် အခြေပြုသည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်

အတိုင်း ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်ပေါ်လာမည်ဟု ယတိပြတ် မဆိုနိုင်ပါ။ စင်စစ် ဆူဒန်အတွေ့အကြုံအရလည်း အာဏာခွဲဝေမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်များမှ ဒီမိုကရေစီစနစ် ထွက်ပေါ်လာခြင်း မရှိသည်ကို ကြုံတွေ့ရပြီး ဖြစ်ပါသည်။ အာဏာခွဲဝေရေးသဘောတူညီချက်မျှဖြင့် ဒီမိုကရေစီတည်ထောင်၍ မရနိုင်ခြင်းကြောင့် အာဏာခွဲဝေရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရုံမျှဖြင့် ရေရှည်တည်တံ့သော ဘက်စုံ ငြိမ်းချမ်းရေး ရရှိရန် မသေချာပါ။ ဆူဒန် ဒီမိုကရေစီ အကူးအပြောင်း မည်သို့ပင် ရှိစေကာမူ ဒီမိုကရေစီစနစ်သို့ မကူးပြောင်းနိုင်ဘဲ လူထုအသံကို နားမစွင့်သည့် အာဏာရှင်အုပ်ချုပ်မှု ပေါ်ပေါက်လာသည့်တိုင် JPA ကို ဆက်လက်ဖော်ဆောင်ဖွယ်ရှိပါသည်။

**စင်စစ် ဆူဒန်အတွေ့အကြုံအရလည်း အာဏာခွဲဝေမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေး သဘောတူစာချုပ်များမှ ဒီမိုကရေစီစနစ် ထွက်ပေါ်လာခြင်း မရှိသည်ကို ကြုံတွေ့ရပြီး ဖြစ်ပါသည်။**

## ငြိမ်းချမ်းရေးသဘောတူစာချုပ်ကြောင့် ဒီမိုကရေစီအသွင်ပြောင်းလဲရေး လမ်းကြောင်း အသစ်တဖန် ပြောင်းလဲခြင်း

ငြိမ်းချမ်းရေးသဘောတူစာချုပ်သည် ပဋိပက္ခဖြစ်ပွားနေသော အုပ်စုများအကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲလျက် ပဋိပက္ခကို အဆုံးသတ်ရန် နှစ်ဘက်သဘောတူညီကြခြင်း ဖြစ်ပါသည်။ နိုင်ငံရေးနှင့် ဥပဒေပိုင်း စုဖွဲ့ပုံအသစ်များ စီစဉ်လျက် အားပြိုင်သည့် လမ်းကြောင်း အသွင်ပြောင်းလဲစေရန် ကြိုးပမ်းခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းသည့် လုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးပါသည်။ တစ်ခါတစ်ရံ ငြိမ်းချမ်းရေးသဘောတူစာချုပ်သည် ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ အခန်းကဏ္ဍမှ ပါဝင်ခြင်းပင် ရှိနိုင်ပါသည်။ ရဝမ်ဒါနိုင်ငံတွင် ၁၉၉၃ ခုနှစ်က လည်းကောင်း၊ ဆူဒန်နိုင်ငံတွင် ၂၀၀၅ ခုနှစ်က လည်းကောင်း ငြိမ်းချမ်းရေးသဘောတူစာချုပ်များကို ကြားဖြတ် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် အသုံးပြုခဲ့ပါသည် (Zulueta-Fülscher 2015)။

သို့ဖြစ်၍ နိုင်ငံရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူစာချုပ် တစ်ရပ်ရပ်အပေါ် အခြေခံလျက် အကူးအပြောင်းကာလကို ဖော်ဆောင်လေ့ရှိပါသည်။ ယင်းသို့သော သဘောတူညီချက်များတွင် ယေဘုယျ ဥပဒေ မူဘောင်တစ်ရပ် ပါဝင်မြဲဖြစ်ပြီး ယင်းမူဘောင်နှင့်အညီ နိုင်ငံတော်ကို အကူးအပြောင်းကာလအတွင်း စီမံအုပ်ချုပ်ပါသည်။ JPA တွင်လည်း အလားတူ ပါဝင်ပြီး ဒီမိုကရေစီ ဖော်ဆောင်ရေးအပေါ် သက်ရောက်မှုရှိသည့် ပြဋ္ဌာန်းချက်များမှာ တစ်နိုင်ငံလုံး သဘောတူညီမှု၏ ရလဒ်မဟုတ်ဘဲ နှစ်ဘက် ညှိနှိုင်းဆွေးနွေးမှုများ၏ ရလဒ် ဖြစ်ပြီး အကူးအပြောင်းကာလ ဖွဲ့စည်းပုံအခြေခံဥပဒေထက်ဘောင်ကျော်နေပါသည်။ သို့ဖြစ်၍ အကူးအပြောင်းကာလအတွင်းတွင် ဩဇာညောင်းသော အင်အားစုများ သဘောတူညီခဲ့သည့် လူ့အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးပိုင်း သဘောတူညီချက်ကို ပြင်ဆင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ် အောက်တိုဘာလ ပြင်ဆင်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် အပိုဒ် ၇၉ တွင် JPA သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပေါင်းစည်းပါဝင်သည်ဟု ယူဆပါသည်။ ထိုစဉ်က JPA ကို ဆူဒန်အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့များ လက်မှတ်ရေးထိုးပြီးသည်မှာ ရက်သတ္တပတ် ၂ ပတ် ရှိပြီဖြစ်ပါသည်။ ကြေညာချက်နှင့် JPA တို့တွင် ဆန့်ကျင်နေသော ပြဋ္ဌာန်းချက်များ ပါရှိ

ပါက JPA ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းဆန့်ကျင်နေသော အချက်များကို ဖြေရှင်းရန်ဖြစ်ပါသည်။ အလားတူ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် အကူးအပြောင်းကာလ စစ်ကောင်စီနှင့် လွတ်လပ်ရေးနှင့် ပြောင်းလဲရေး တပ်ဖွဲ့များ လက်မှတ်ရေးထိုးခဲ့ကြသည့် နိုင်ငံရေးသဘောတူစာချုပ်သည် JPA ၏ အခြေခံ ဖြစ်သော ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းများကို ချမှတ်ပေးပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် ပြုစုထုတ်ပြန်ခြင်းမှာ နည်းပညာပိုင်းသက်သက် လုပ်ငန်းစဉ်သာ ဖြစ်ပြီး နိုင်ငံရေးသဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များထက် ကျော်လွန်နိုင်ခြင်းမရှိပါ။ ဆူဒန်အစိုးရနှင့် Abdel Aziz al–Hilu ခေါင်းဆောင်သည့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်–မြောက်ပိုင်း (SPLA–North–al–Hilu) တို့ သဘောတူညီခဲ့သည့် မူများကြေညာချက် (Declaration of Principles) (DoP) တွင်လည်း ဤသတ်မှတ်ချက်အတိုင်း တွေ့ရှိရပါသည်။ မူများကြေညာချက်ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အဆင့်ရှိရမည်ဖြစ်ကြောင်း၊ မူများကြေညာချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်တွင် ထည့်သွင်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။[၂]

'ဆူဒန်တွင် အရပ်သား ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံ တည်ထောင်ပြီး နိုင်ငံတော်နှင့် ယဉ်ကျေးမှု၊ ဘာသာရေး၊ တိုင်းရင်းသား ဝိသေသလက္ခဏာခံယူမှု (identity)များကို မရောယှက်စေဘဲ သီးခြားစီ ခွဲခြားထားခြင်းဖြင့် ဆူဒန် ပြည်သူလူထု တစ်ရပ်လုံးအတွက် ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်လျက် ဘာသာရေးကျင့်သုံးခွင့်၊ ဆည်းကပ်ကိုးကွယ်ခွင့်တို့ ရရှိစေရေး အာမခံချက်ပေးရန်' နှစ်ဦးနှစ်ဘက် သဘောတူညီကြကြောင်း မူများကြေညာချက် (DoP) တွင် ဖော်ပြထားပါသည် (Declaration of Principles 2021)။

သို့ဖြစ်၍ JPA သည် ဆူဒန်တွင် ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ်များကို နှစ်ဘက်သဘောတူစာချုပ် ချုပ်ဆိုခြင်းအားဖြင့် လုံးဝပြင်ဆင်သတ်မှတ်လိုက်သည်မှာ သိသာထင်ရှားပါသည်။ အကူးအပြောင်းကာလအတွင်း လိုက်နာရမည့် စည်းမျဉ်းများကို ဖော်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်ကို သဘောတူစာချုပ်နှင့် ကိုက်ညီစေရန် ပြင်ဆင်ခဲ့ပြီး ယင်းသဘောတူစာချုပ်တွင် အုပ်ချုပ်မှုပိုင်း တင်းကြပ်သော စည်းမျဉ်းများ ပါဝင်ပါသည်။ အုပ်ချုပ်ရေးအာဏာပိုင်၏ ပုံသဏ္ဍာန်ကိုလည်းကောင်း၊ အာဏာခွဲဝေပုံကိုလည်းကောင်း၊ လုံခြုံရေး စီးပွားရေး နှင့် နိုင်ငံရေး အစီအမံ အများအပြားကိုလည်းကောင်း သဘောတူစာချုပ်တွင် သတ်မှတ်ဖော်ပြထားပါသည်။[၃] ဘက်စုံ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်သည့် လုပ်ငန်းစဉ်ကို ဒီမိုကရေစီ အကူးအပြောင်း အစီအမံများမှ သီးခြား ခွဲမထားဘဲ ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းစဉ်အတွင်း တစ်ပေါင်းတည်း စုစည်းထည့်သွင်းဆောင်ရွက်ရန် အရေးကြီးပါသည်။

---

၂ အချုပ်အခြာအာဏာပိုင်ကောင်စီ အကြီးအကဲ ဗိုလ်ချုပ်ကြီး အဘ်ဒဲ ဖာတာ အယ်ဘာဟန် (Abdel Fattah al–Burhan) က ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သည့် ဆူဒန် အကူးအပြောင်းကာလ အစိုးရ နှင့် အဘ်ဒူ အဇစ် အယ်ဟီလူ (Abdul Aziz al–Hilu) ခေါင်းဆောင်သော SPLA–North တို့သည် ဂျူဘာ (Juba) တွင် ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက်နေ့က မူများကြေညာချက် (Declaration of Principles) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၃ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် အပိုဒ် ၉ (၂၀၂၀ ခုနှစ် ပြင်ဆင်ချက်)

## အာဏာခွဲဝေမှု သို့မဟုတ် ဒီမိုကရေစီတည်ဆောက်ရေး မည်သည်ကို အကောင်အထည်ဖော်ခဲ့ပါသနည်း။

JPA ကို လက်မှတ်ရေးထိုးပြီးသောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် အပိုဒ် ၁၁ (အချုပ်အခြာအာဏာပိုင် ကောင်စီ ဖွဲ့စည်းခြင်း) နှင့် အပိုဒ် ၁၅ (အကူးအပြောင်း ကာလ ဝန်ကြီးများအဖွဲ့ ဖွဲ့စည်းခြင်း) တို့ကို ပြင်ဆင်လိုက်သဖြင့် အာဏာခွဲဝေရေးမူကို တိုက်ရိုက် အဖုအထစ်မရှိဘဲ ချောမွေ့စွာ ကျင့်သုံးနိုင်ခဲ့ပါသည်။ ယင်းပြင်ဆင်ချက်များအရ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့များသည် အကူးအပြောင်းအစိုးရ အဖွဲ့အစည်းများတွင် ပါဝင် လာပါသည်။ သို့ဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့် ယှဉ်တွဲနေထိုင်ခဲ့ရသော နယ်မြေဒေသများအတွက် ပြည့်စုံပြီး ပိုမို၍ ကိုယ်စားပြုမှုရှိသော နိုင်ငံရေးလုပ်ငန်းစဉ် စတင်ခဲ့ပြီး ဗဟိုအစိုးရကို နှစ် ၂၀ ခန့် ဆန့်ကျင်ခဲ့သည့် ဆူဒန် တော်လှန်ရေးတပ်ဦး (SRF) တပ်ဖွဲ့များ ထူးထူးခြားခြား ပါဝင်လာ ပါသည်။

အာဏာခွဲဝေရေး မူကို အကောင်အထည်ဖော်ရန် အစီအမံများကို လျှင်မြန်စွာ ချမှတ် ကျင့်သုံးခဲ့သော်လည်း JPA တွင် ပါဝင်သည့် ဒီမိုကရေစီ အကူးအပြောင်းဆိုင်ရာ မူများနှင့် ပြဋ္ဌာန်း ချက်များ အကောင်အထည်ဖော်ရေးအတွက်မူ ထိရောက်သော အစီအမံများ ချမှတ်ကျင့်သုံး မှု မရှိပါ။ အကူးအပြောင်းကာလတရားမျှတမှု (transitional justice) ဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရဆိုင်ရာ ညီလာခံများ ဒေသအဆင့်ညီလာခံများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံ များ ကျင်းပခြင်း၊ သီးခြားလွတ်လပ်သော ကော်မရှင်များ တည်ထောင်ခြင်းတို့ကို ဒီမိုကရေစီ အကူးအပြောင်းနှင့် ငြိမ်းချမ်းရေး ရေရှည်တည်တံ့နိုင်မှုတို့အတွက် အထောက်အကူပြုနိုင်ရန် အလို့ငှာ ထိရောက်သော အကောင်အထည်ဖော်ရေး အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း မရှိပါ။

## သဘောတူစာချုပ် အကောင်အထည်မဖော်နိုင်ခြင်း၏ အကျိုးဆက်များ

JPA သည် အကြောင်းအမျိုးမျိုးကြောင့် အရေးကြီးဆုံး ပြဋ္ဌာန်းချက်များ အကောင် အထည်ဖော်ရာ၌ စိန်ခေါ်မှုအခက်အခဲ အများအပြားနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။ အကောင် အထည် မဖော်နိုင်သော ပြဋ္ဌာန်းချက်များကို ကြည့်ပါက ငြိမ်းချမ်းရေး ရေရှည်တည်တံ့ရန်နှင့် ဒီမိုကရေစီ အကူးအပြောင်း အောင်မြင်ရန် အရေးပါသော ပြဋ္ဌာန်းချက်များ ဖြစ်ကြောင်း တွေ့ရှိနိုင် ပါသည်။

ဒီမိုကရေစီဖော်ဆောင်သည့် လုပ်ငန်းစဉ်အတွင်း ဖရိုဖရဲ ရှုပ်ထွေးမှုများ အပါအဝင် အကြောင်းအချက်အမျိုးမျိုးကြောင့် သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်နှင့် အစီအမံအချို့ ပျက်ပြားခဲ့ရခြင်း ဖြစ်နိုင်ပါသည်။ သို့သော် သဘောတူစာချုပ်ပါ အချို့သော ပြဋ္ဌာန်းချက်များ ကို အကောင်အထည်မဖော်နိုင်ခြင်းမှာ နိုင်ငံရေးအကြောင်းများကြောင့်သာလျှင် မဟုတ်ဘဲ သဘောတူစာချုပ်ကို စီစဉ်တည်ဆောက်ထားပုံ အားနည်းခြင်း၊ သဘောတူစာချုပ်လက်မှတ်

**ဒီမိုကရေစီဖော်ဆောင်သည့် လုပ်ငန်းစဉ်အတွင်း ဖရိုဖရဲ ရှုပ်ထွေးမှုများ အပါအဝင် အကြောင်းအချက်အမျိုးမျိုး ကြောင့် သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်နှင့် အစီအမံ အချို့ ပျက်ပြားခဲ့ရခြင်း ဖြစ်နိုင်ပါသည်။**

ရေးထိုးပြီးနောက် ရှိခဲ့သော အခြေအနေများကို သိပ္ပံနည်းကျ ဆန်းစစ်ချက်အပေါ် အခြေခံ၍ အကောင်အထည်မဖော်နိုင်ခဲ့ခြင်းတို့ကြောင့်လည်း ဖြစ်ပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ JPA ၏ အထိခိုက်ဆုံး အားနည်းချက်မှာ စာချုပ်တွင် ပါဝင်သူများအနေဖြင့် မိမိတို့၏ ကတိကဝတ်များကို အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်ကို ကတိကဝတ်အတိုင်းအတာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကတိကဝတ်များ အကောင်အထည်ဖော်ရမည့် အချိန်ကာလနှင့် စပ်လျဉ်း၍လည်းကောင်း အမှန်ရှိသည်ထက် ပိုလွန်၍ တွက်ဆထားခြင်း ဖြစ်ပါသည် (Arnault 2006: 4)။

JPA တွင် ပူးတွဲပါရှိသော ဇယား၌ JPA ပါ အစီအမံများနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရမည့် အချိန်ပြမျဉ်းကို ဖော်ပြထားသော်လည်း JPA ကို လက်မှတ်ရေးထိုးချိန်တွင် မျှော်မှန်းထားသည့်အတိုင်း လက်တွေ့ လိုက်နာဆောင်ရွက်စေရန် မဖြစ်နိုင်တော့ပါ။ သဘောတူစာချုပ်ပါ နောက်ဆုံးအချိန် သတ်မှတ်ချက်များအားလုံးသည် အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ သို့မဟုတ် အကောင်အထည်ဖော်ရေး လွယ်ကူချောမွေ့စေရန် အထောက်အကူပြုမည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်ခြင်းမရှိဘဲ ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။ ဇယား၏ အပိုင်းအများစုကို အကောင်အထည်ဖော်နိုင်ခြင်းမရှိရုံမျှမက အကောင်အထည်ဖော်နိုင်စေရန် ထိရောက်သော အစီအမံများနှင့် လုပ်ထုံးလုပ်နည်းများကိုပင် ချမှတ်နိုင်ခြင်းမရှိပါ။

**JPA တွင် ပူးတွဲပါရှိသော ဇယား၌ JPA ပါ အစီအမံများနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရမည့် အချိန်ပြမျဉ်းကို ဖော်ပြထားသော်လည်း JPA ကို လက်မှတ်ရေးထိုးချိန်တွင် မျှော်မှန်းထားသည့်အတိုင်း လက်တွေ့ လိုက်နာဆောင်ရွက်စေရန် မဖြစ်နိုင်တော့ပါ။**

JPA သဘောတူစာချုပ်တွင် ပါဝင်သူများသည် JPA ပါတာဝန်များကို ပြည့်မီအောင် မဆောင်ရွက်နိုင်သဖြင့် သဘောတူစာချုပ်တွင် ပါဝင်သူများအချင်းချင်း အခြားဘက်သည် သဘောတူထားသည့် အတိုင်း မဆောင်ရွက်လိုဟုလည်းကောင်း၊ နိုင်ငံရေးဆန္ဒ မရှိဟုလည်းကောင်း ရှုမြင်မှုများ ပေါ်ပေါက်ပြီး ဆက်ဆံရေးထိခိုက်လာနိုင်ခြင်း အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြီးလေးသော စိန်ခေါ်မှု အခက်အခဲများ ပေါ်ပေါက်လာပါသည်။ ငြိမ်းချမ်းရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးသောအခါ နိုင်ငံသားများအနေဖြင့် နေ့စဉ် ဘဝနေထိုင်မှု အလျင်အမြန် တိုးတက်ကောင်းမွန်လာရန် မျှော်လင့်ချက်များ သာမန်အားဖြင့် မြင့်တက်လာတတ်ခြင်းကြောင့် မျှော်လင့်သည့်အတိုင်း မဖြစ်သောအခါ ဆူဒန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လူထုထောက်ခံမှု ဆုံးရှုံးပြီး သဘောတူစာချုပ်တွင် ပါဝင်သူများသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်စွမ်းမရှိဟု အများပြည်သူက ယုံကြည်မှု ပျက်ပြားလာနိုင်ပါသည်။ နောက်ဆုံးတွင် သဘောတူစာချုပ်အပေါ် အများပြည်သူက အယုံအကြည်မရှိတော့ဘဲ အစိုးရကိုလည်းကောင်း၊ အခြား ပါဝင်လက်မှတ်ရေးထိုးသော အဖွဲ့များကိုလည်းကောင်း ပြည်သူလူထုက မကျေနပ်မှု များပြားလာနိုင်ပါသည်။

## JPA ကို ပြင်ဆင်ခြင်းနှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ

သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ဦးတည်ချက်များအောင်မြင်အောင် ဆက်လက်၍ ဆောင်ရွက်နိုင်စေရန်အတွက်အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို လေ့လာမည်ဆိုပါက အကောင်အထည်ဖော်ရေးဆိုင်ရာ အချိန်ကာလသတ်မှတ်ချက်များကို ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း၊ သဘောတူညီချက်၏ သတ်မှတ်အချိန်ကာလ အတွင်း လုပ်ဆောင်နိုင်မည့် လုပ်ငန်းများကို

ပြင်ဆင်သတ်မှတ်ခြင်း (ဆိုလိုသည်မှာ ဦးစားပေး သတ်မှတ်ခြင်း) ဟူသော စံနည်းလမ်းများ ရှိပါသည် (Arnault 2006)။ JPA အတွက် ဇယားပါ အချိန်ပြမျဉ်း (matrix timeline)ကို ပြင်ဆင်ခြင်း၊ ဦးစားပေးများ ပြန်လည်စီစဉ်သတ်မှတ်ခြင်းတို့ လုပ်ဆောင်မည်ဆိုလျှင် နိုင်ငံရေး လုံခြုံရေးနှင့် လူမှု စီးပွားရေး အခြေအနေကို လည်းကောင်း၊ ဆူဒန်တွင် ငြိမ်းချမ်းစွာ အကူးအပြောင်း ပြုလုပ်ရေး အစီအမံများနှင့် စပ်လျဉ်း၍ ဒေသအဆင့်နှင့် နိုင်ငံတကာ အသိုက်အဝန်းများ၏ ရပ်တည်ချက်များကိုလည်းကောင်း အပြည့်အစုံ ပြန်လည်သုံးသပ်ရန်လိုအပ်ပါမည်။ ထို့အပြင် အစီအမံသစ်များမှာ မူလ သဘောတူစာချုပ်ပါ အစီအမံများထက် ပိုမို၍ လက်တွေ့ကျပြီး အကောင်အထည် ဖော်နိုင်ဖွယ်ရာ ရှိစေရန်လည်း ဂရုတစိုက် သိပ္ပံနည်းကျ ဆန်းစစ်ချက် လိုအပ်ပါသည်။

JPA ဇယားကို ပြင်ဆင်ခြင်းများနှင့် ဦးစားပေးများကို ပြန်လည်သတ်မှတ်ခြင်းတို့အတွက် ရှိရင်းသဘောတူညီချက် စာသားများအတိုင်း လုံးကောက် ဆောင်ရွက်မှု များပြားပြီး အများယုံကြည်နိုင်သည့် အစီအမံဖြင့် နည်းပညာပိုင်း ကျွမ်းကျင် ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါမည်။ JPA ကို ဆက်လက် အကောင်အထည်ဖော်ရေး အစီအမံသစ်များကို ညှိနှိုင်းဆွေးနွေးရာတွင် လက်တွေ့ဖြစ်နိုင်ပြီး လိုက်နာဆောင်ရွက်စေရန် အရေးယူနိုင်မှု ရှိရမည်ဖြစ်၍ သက်ဆိုင်သူများက လက်ခံနိုင်သည့်အပြင် နိုင်ငံတကာကလည်း လက်ခံပံ့ပိုးသည့် အစီအမံတစ်ရပ်ကို ပဏာမ သဘောတူညီရန် လိုအပ်ပါသည်။

ဆူဒန်တွင် ကုလသမဂ္ဂသည် ၂၀၁၉ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် (Constitutional Declaration) နှင့် JPA တို့ကို အကောင်အထည်ဖော်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ JPA ကို လက်မှတ်မရေးထိုးမီ ၂၀၂၀ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၂၅၂၄ (၂၀၂၀ ခုနှစ်) ကို အတည်ပြုလျက် ဆူဒန်နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်မှုနိုင်ငံရေးအကူးအပြောင်းကို ပံ့ပိုးမှုပေးရန် အထူးနိုင်ငံရေးအဖွဲ့ ဖြစ်သော ဆူဒန် အကူးအပြောင်း ဘက်စုံ အကူအညီပေးရေး ကုလသမဂ္ဂအဖွဲ့ (UN Integrated Transition Assistance Mission in Sudan) (UNITAMS) ကို တည်ထောင်ခဲ့ပါသည်။ UNITAMS ၏ တာဝန်များတွင် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အနာဂတ်ငြိမ်းချမ်းရေး သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးကို ပံ့ပိုးမှု ပေးခြင်းအားဖြင့်' ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် (Constitutional Declaration) ၏ ဦးတည်ချက်များ အောင်မြင်ရေးအတွက် ဆူဒန်နိုင်ငံကို အကူအညီပေးရန်လည်း ပါဝင်ပါသည်။[၄]

**ကုလသမဂ္ဂသည် ၂၀၁၉ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် (Constitutional Declaration) နှင့် JPA တို့ကို အကောင်အထည်ဖော်ရေး အတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။**

ယခုအခါ သဘောတူစာချုပ် အကောင်အထည်ဖော်မှု ရပ်တန့်သွားပြီဖြစ်၍ UNITAMS သည် ရှေ့တန်းသို့ ထွက်၍ စာချုပ်တွင် ပါဝင်သူများ အကြား စစ်မက်နှင့် လက်နက်ကိုင်ပဋိပက္ခ

၄ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၂၀၂၀ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် အတည်ပြုခဲ့သော ဆုံးဖြတ်ချက်အမှတ် ၂၅၂၄ (၂၀၂၀ ခုနှစ်) အရ ဆူဒန်နိုင်ငံ၏ ဒီမိုကရေစီ အုပ်ချုပ်မှု နိုင်ငံရေး အကူးအပြောင်းကို ပံ့ပိုးမှုပေးရန် အထူးနိုင်ငံရေးအဖွဲ့ ဖြစ်သော ဆူဒန် အကူးအပြောင်း ဘက်စုံ အကူအညီပေးရေး ကုလသမဂ္ဂအဖွဲ့ (UN Integrated Transition Assistance Mission in Sudan) (UNITAMS) ကို တည်ထောင်ခဲ့ပါသည်။ ယင်းသို့ ပံ့ပိုးမှုပေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက် (Constitutional Declaration) ၏ ဦးတည်ချက်များ အောင်မြင်ရေး ဆူဒန်နိုင်ငံကို အကူအညီပေးခြင်းနှင့် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် အနာဂတ်ငြိမ်းချမ်းရေး သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးကို ပံ့ပိုးမှု ပေးခြင်း'တို့ ပါဝင်သည်။ အထွေထွေ အတွင်းရေးမှူးချုပ်၏ ဆူဒန်နှင့် တောင်ဆူဒန်ဆိုင်ရာ အစီရင်ခံစာများ။ ဆုံးဖြတ်ချက် အမှတ် S/RES/2524 (2020) နှင့် စပ်လျဉ်း၍ မဲပေးသည့် ရလဒ်များဆိုင်ရာ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌထံမှ ပေးပို့သော စာ <http://unscr.com/en/resolutions/2524>

ပြန်လည်မဖြစ်ပွားစေရန် မဟာဗျူဟာချမှတ် ဆောင်ရွက်ရပါမည်။ ငြိမ်းချမ်းရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေး အကြပ်အတည်းကို ကူညီဖြေရှင်းပေးရန် ကုလသမဂ္ဂ၏ စွမ်းရည်မှာ အခြေခံအားဖြင့် ဘက်မလိုက်မှု၊ သင့်တော်သော ရွေးချယ်နိုင်မည့် နည်းလမ်းများကို စီစဉ်ရေးဆွဲနိုင်သည့် နက်ရှိုင်းသော ကျွမ်းကျင်မှုတို့တွင် မြစ်ဖျားခံပါသည်။ ကုလသမဂ္ဂက ကျင့်သုံးသင့်သည့် မဟာဗျူဟာမှာ စာချုပ်တွင် ပါဝင်သူများအတွက် အကျိုးဆောင်ပေးခြင်းဖြင့် လုပ်ငန်းစဉ်အထစ်အငေါ့များ ကြုံတွေ့ရလင့်ကစား သဘောတူစာချုပ်၏ အားနည်းချက် ချို့ယွင်းချက်များကို ပဓာနမပြုဘဲ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖြေရှင်းချက်များဖော်ထုတ်ရေးကို ရွေးချယ်လာကြစေရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နှစ်ဦးနှစ်ဘက်လုံးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ခြင်းသည် ဆွဲဆောင်မှု အရှိဆုံး ရွေးချယ်စရာ နည်းလမ်း ဖြစ်စေရန် အကျိုးဆောင်ရပါမည်။

ကုလသမဂ္ဂ၏ 'အကျိုးဆောင်လုပ်ငန်းများ' တွင် ပြဿနာ၏ သဘောသဘာဝကို ပြည့်စုံစွာ လက်တွေ့ကျကျ ဆန်းစစ်ချက်ပြုလုပ်၍ သက်ဆိုင်ရာ အုပ်စုအားလုံးထံ ပေးအပ်ခြင်း၊ သက်ဆိုင်ရာ အုပ်စုများအနေဖြင့် ပိုမို၍ လက်တွေ့ကျသော အကောင်အထည်ဖော်မှု စံနှုန်းများကို ကျင့်သုံးနိုင်စေရေးအတွက် အကူအညီဖြစ်စေရန် အဆိုပြုချက်များ၊ ဖြစ်နိုင်ခြေ အခြေအနေများ၊ ရွေးချယ်စရာ နည်းလမ်းများ တင်သွင်းခြင်းတို့ ပါဝင်သင့်ပါသည်။ သဘောတူစာချုပ်ကို အကောင်အထည် မဖော်နိုင်၍ ဖြစ်ပေါ်လာသည့် အခြေအနေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန် စွမ်းဆောင်ရည် မရှိသည့်အတွက် ဤမဟာဗျူဟာကို ဆန့်ကျင်မှုအချို့ ရှိနိုင်သော်လည်း ယင်းသို့သော ချဉ်းကပ်ပုံနည်းလမ်းကို ကျင့်သုံးခြင်းသည် သက်ဆိုင်ရာ အုပ်စုများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်လိုသည့် ဆန္ဒ ဆက်လက် ရှင်သန်နေစေရေး ထိန်းသိမ်းရာတွင် အထောက်အကူပြုပါမည်။

---

## နိဂုံး

မျက်မှောက်ခေတ် ဆူဒန်သမိုင်းတစ်လျှောက် ငြိမ်းချမ်းရေးသဘောတူစာချုပ်များကို ဒီမိုကရေစီ အကူးအပြောင်း တည်ဆောက်သည့် မူဘောင်အတွင်း ချုပ်ဆိုအကောင်အထည်ဖော်မှု မရှိပါ။ သို့ဖြစ်၍ တည်ငြိမ်သော နိုင်ငံရေး ပတ်ဝန်းကျင်ကိုလည်း မဖန်တီးနိုင်၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုလည်း မတည်ဆောက်နိုင်ခဲ့ပါ။ ငြိမ်းချမ်းရေး သဘောတူစာချုပ်များဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုလည်း မတည်ဆောက်နိုင်၊ ဒီမိုကရေစီ အကူးအပြောင်းကိုလည်း မဖော်ဆောင်နိုင်ခဲ့ရသည့် အကြောင်းမှာ အာဏာခွဲဝေသည့် ချဉ်းကပ်ပုံနည်းလမ်းမျှဖြင့် အကြပ်အတည်းကို မဖြေရှင်းနိုင်ခြင်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသဘောတူစာချုပ်များအရ ဗဟိုရှိ အာဏာပိုင်ကို ဆန့်ကျင်သည့် တိုက်ခိုက်သူများ အုပ်ချုပ်မှု လုပ်ငန်းစဉ်တွင် ပါဝင်လာသော်လည်း ဆူဒန် ပြဿနာ၏ အရင်းအမြစ်များကို ဖြေရှင်းနိုင်သော ချဉ်းကပ်ပုံအပေါ် အခြေခံထားခြင်း မရှိပါ။

၂၀၂၀ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် JPA ကို လက်မှတ်ရေးထိုးခဲ့သော်လည်း နိုင်ငံရေးနှင့် လုံခြုံရေး အခြေအနေများမှာ SPLA-North (al-Hilu) နှင့် အဘ်ဒဲဝါဟစ်နူးရ် (Abdel

Wahid Nur) ဦးဆောင်သော ဆူဒန်လွတ်မြောက်ရေး လှုပ်ရှားမှု (Sudan Liberation Movement) တို့ ပါဝင်လာကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အခြေအနေ မပေးတော့ပါ။ JPA လက်မှတ်ရေးထိုးထားသူများသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် တပ်မှ ဗိုလ်ချုပ်ကြီးများနှင့် မဟာမိတ်ဖွဲ့လျက် အလျင်အမြန်ပံ့ပိုးရေးတပ်ဖွဲ့များ (Rapid Support Forces) နှင့် ပူးပေါင်းပါသည်။ အကူးအပြောင်းကာလ ဝန်ကြီးချုပ်ကို သီးခြားဖယ်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အချို့ကိုလည်း ဆိုင်းငံ့လိုက်ရာ အခြေအနေမှာ ပိုမိုရှုပ်ထွေးလာပါသည်။ ဒါဖူး (Darfur)၊ နိုင်းမြစ်ပြာ (Blue Nile) နှင့် အခြားနယ်မြေဒေသများတွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားပြီး JPA ဖြင့် ရရှိခဲ့သော တိုးတက်မှုများ ပျက်ပြားခဲ့ရပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းမှုများအတွက်လည်း အဟန့်အတား ဖြစ်ခဲ့ပါသည်။[၅] JPA ဇယား တွင် ဖော်ပြထားသည့် နောက်ဆုံးအချိန်သတ်မှတ်ချက်များ ကျော်လွန်သွားပြီး သဘောတူ စာချုပ်ကို အကောင်အထည် မဖော်နိုင်သဖြင့် ပဋိပက္ခ နယ်မြေဒေသများတွင် လုံခြုံရေး တပ်ဖွဲ့များ ချထားခြင်း၊ လုံခြုံရေးစနစ်ကို ပြုပြင်ပြောင်းလဲခြင်း၊ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်မှုနှင့် သက်ဆိုင်သူအုပ်စုများ၏ အလေးအနက် ဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးရေး ထိရောက်သော နိုင်ငံတကာ အစီအမံများ ရေးဆွဲခြင်း အပါအဝင် ပိုမိုထိရောက်သော အစီအစဉ်များ လိုအပ်ကြောင်း သိသာထင်ရှားလာပါသည်။ ထို့အပြင် လူ့အခွင့်အရေးများကို ချိုးဖောက်မှုများအတွက် တာဝန်ယူတာဝန်ခံစေမှု ပါဝင်သော အကူးအပြောင်းကာလ တရားမျှတမှု (transitional justice) အတွက် ပွင့်လင်းမြင်သာသော စနစ်တစ်ရပ် လိုအပ်ပါသည်။

**ဒါဖူး (Darfur)၊ နိုင်းမြစ်ပြာ (Blue Nile) နှင့် အခြားနယ်မြေဒေသများတွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားပြီး JPA ဖြင့် ရရှိခဲ့သော တိုးတက်မှုများ ပျက်ပြားခဲ့ရပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းမှုများအတွက်လည်း အဟန့်အတား ဖြစ်ခဲ့ပါသည်။**

အကျဉ်းအားဖြင့် ဒီမိုကရေစီ အကူးအပြောင်း လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေးနှင့် JPA အောင်မြင်မှု ရရှိရေး အစီအမံများ မူဘောင်အတွင်းတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်သည့် လုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ အကူးအပြောင်း လုပ်ငန်းစဉ် တို့ကို သီးခြားစီမဟုတ်ဘဲ တစ်ခုနှင့် တစ်ခု ဖြည့်ဘက်ဖြစ်စေလျက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ လုပ်ငန်းစဉ် နှစ်ရပ်လုံး အောင်မြင်မှုရရှိပါမည်။

---

၅ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှင်းလင်းဆွေးနွေးပွဲတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု ဒုတိယကိုယ်စားလှယ် သံအမတ်ကြီး ရစ်ချတ် မီးလ်စ် (Richard Mills) ၏ တင်ပြချက်ကို ကြည့်ပါ။ 'ဒါဖူး (Darfur)၊ နိုင်းမြစ်ပြာ (Blue Nile) နှင့် အခြားနယ်မြေဒေသများတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုကို ကျွန်ုပ်တို့ ပြစ်တင်ရှုံ့ချပါသည်။ ယင်းအကြမ်းဖက်မှုကြောင့် အလွန်ဆိုးဝါးနေသော လူသားချင်းစာနာရေး မြေပြင်အခြေအနေကို ပိုမိုနက်ရှိုင်းစွာ ထိခိုက်ပြီး ဂျူဘာငြိမ်းချမ်းရေးသဘောတူစာချုပ် (Juba Peace Agreement) (JPA) ဖြင့် ရရှိခဲ့သော တိုးတက်မှုများ ဆုတ်ယုတ်စေသည့်အပြင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများကို အဟန့်အတား ဖြစ်စေပါသည်။ အကြမ်းဖက်မှု ဆက်လက်ဖြစ်ပွားနေသည်ကို ကြည့်ခြင်းဖြင့် ဒါဖူးတွင် လုံခြုံရေးထိန်းသိမ်းသည့် တပ်ဖွဲ့များကို အင်အားပြည့် စေလွှတ်တာဝန်ပေးရမည်ဖြစ်ပြီး အများပါဝင်သော လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု၊ ခိုင်မာသော နိုင်ငံတကာ စောင့်ကြည့်စစ်ဆေးရေးနှင့် အစီရင်ခံတင်ပြရေး အစီအမံများ၊ အရပ်သားများကို အကြမ်းဖက်မှုနှင့် အခြား လူ့အခွင့်အရေး မလျော်မကန်ပြုမူမှု ချိုးဖောက်မှုများအတွက် တာဝန်ယူ တာဝန်ခံစေရေး ပါရှိသည့် ပြည့်စုံပြီး အများပါဝင်မှုရှိသော ပွင့်လင်းမြင်သာသော အကူးအပြောင်း ကာလ တရားမျှတမှု (transitional justice) လုပ်ငန်းစဉ်များ အပါအဝင် ဂျူဘာငြိမ်းချမ်းရေး သဘောတူ စာချုပ်ကို အကောင်အထည်ဖော်ရန် အဆောတလျင် လိုအပ်ကြောင်း တွေ့မြင်နိုင်ပါသည်။'

## ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ


Arnault, J., 'Good Agreement? Bad Agreement? An Implementation Perspective', Princeton University Center of International Studies (2006), <https://peacemaker.un.org/sites/peacemaker.un.org/files/Good%20AgreementBad%20Agreement_Arnault.pdf>, accessed 15 October 2022 (သဘောတူစာချုပ်ကောင်းခြင်း မကောင်းခြင်းကို အကောင်အထည်ဖော်မှု ရှုထောင့်မှ ကြည့်ခြင်း)

Bormann, N.-C. and Elbadawi, I., 'The Juba Power-Sharing Peace Agreement: Will It Promote Peace and Democratic Transition in Sudan?', Working Paper No. 1490, Economic Research Forum (revised 20 October 2021), <https://ideas.repec.org/p/erg/wpaper/1490.html>, accessed 15 October 2022 (ဂျူဘာ အာဏာခွဲဝေရေး ငြိမ်းချမ်းရေးသဘောတူညီချက် - ဆူဒန်တွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအကူးအပြောင်းကို အားပေးမြှင့်တင်နိုင်ပါမည်လား။)

Declaration of Principles agreement, signed between the Sudanese Transitional Government and the SPLA-North led by Abdul Aziz al-Hilu signed the Declaration of Principles on 28 March 2021 in Juba, <https://www.suna-news.net/read ?id=708406>, accessed 15 October 2022 (ဆူဒန် အကူးအပြောင်းကာလအစိုးရနှင့် အဘ်ဒယ် အဇစ် အယ်ဟီလူ ခေါင်းဆောင်သည့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးတပ်-မြောက်ပိုင်းတို့ လက်မှတ်ရေးထိုးခဲ့သည့် မူများကြေညာချက် သဘောတူစာချုပ်)

International Institute for Democracy and Electoral Assistance (International IDEA), Draft Constitutional Charter for the 2019 Transitional Period, ConstitutionNet, 2019, <https://constitutionnet.org/sites/default/files/2019-08/Sudan%20Constitutional%20Declaration%20%28English%29.pdf>, accessed 15 October 2022 (၂၀၁၉ခုနှစ် အကူးအပြောင်းကာလအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပဋိညာဉ် မူကြမ်း)

Lijphart, A., 'The consensus model of democracy', Patterns of Democracy: Government Forms and Performance in Thirty-Six Countries (New Haven: Yale University Press, 2012), pp. 30–45, <http://www.jstor.org/stable/j.ctt32bg23.7>, accessed 15 October 2022 (ဒီမိုကရေစီ အားလုံးသဘောတူညီမှုပုံစံ - ဒီမိုကရေစီပုံသဏ္ဍာန်များ - နိုင်ငံပေါင်း ၃၆ နိုင်ငံမှ အစိုးရပုံသဏ္ဍာန်များနှင့် လုပ်ငန်းဆောင်ရွက်မှု)

Mills, R., Ambassador, Deputy US Representative to the United Nations, Statement of 13 September 2022, at a UN Security Council briefing, New York, <https://usun.usmission.gov/remarks-at-a-un-security-council-briefing-on-the-situation-in-sudan-and-south-sudan-2/>, accessed 15 October 2022 (ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှင်းလင်းဆွေးနွေးပွဲတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု ဒုတိယကိုယ်စားလှယ် သံအမတ်ကြီး R. Mills ၏ တင်ပြချက်)

Norris, P., 'Stable Democracy and Good Governance in Divided Societies: Do Power-Sharing Institutions Work?', KSG Working Paper No. RWP05-014 (February 2005), <https://doi.org/10.2139/ssrn.722626> (ကွဲပြားနေသောလူ့အဖွဲ့အစည်းများတွင် တည်ငြိမ်သော ဒီမိုကရေစီနှင့် ကောင်းမွန်သောအုပ်ချုပ်မှု - အာဏာခွဲဝေရေး အဖွဲ့အစည်းစနစ်များ အောင်မြင်မှုရှိပါသလား။)

Perthes, V., 'Briefing by Special Representative of the Secretary-General to the UN Security Council', United Nations Integrated Transition Assistance Mission in Sudan, 13 September 2022, <https://unitams.unmissions.org/en/briefing-special-representative-secretary-general-volker-perthes-security-council>, accessed 15 October 2022 (အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ရှင်းလင်းတင်ပြချက်)

United Nations, Security Council Resolution 2524 (2020), Adopted by the Security Council on 3 June 2020, establishing the UN Integrated Transition Assistance Mission in Sudan (UNITAMS), S/RES/2524, 3 June 2020, <http://unscr.com/en/resolutions/doc/2524>, accessed 15 October 2022 (ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၂၀၂၀ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် အတည်ပြုခဲ့သော ဆုံးဖြတ်ချက်အမှတ် ၂၅၂၄ (၂၀၂၀ ခုနှစ်) ဆူဒန် အကူးအပြောင်း ဘက်စုံ အကူအညီပေးရေး ကုလသမဂ္ဂအဖွဲ့ (UNITAMS) ကို တည်ထောင်ပေးသော ဆုံးဖြတ်ချက်)

Zulueta-Fülscher, K., Interim Constitutions: Peacekeeping and Democracy-Building Tools, Policy Paper (Stockholm: International IDEA, 2015),<https://www.idea.int/publications/catalogue/interim-constitutions-peacekeeping-and-democracy-building-tools>, accessed 15 October 2022 (ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေများ - ငြိမ်းချမ်းရေး ထိန်းသိမ်းခြင်းနှင့် ဒီမိုကရေစီတည်ဆောက်ခြင်း နည်းလမ်းကိရိယာများ မူဝါဒစာတမ်း)

## စာရေးသူ

ဆာမိ အဘ်ဒယ်ဟာလင်မ် ဆေအိဒ် ပါရဂူဘွဲ့ (Sami Abdelhalim Saeed, PhD) သည် International IDEA အဖွဲ့၏ ဆူဒန်နိုင်ငံ ပရိုဂရမ် အကြီးအကဲအဖြစ် ၂၀၂၀ ခုနှစ်မှစ၍ ဆောင်ရွက်လျက်ရှိပါသည်။ ဤတာဝန်ကို မထမ်းဆောင်မီက အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတွင် ကုလသမဂ္ဂ ဥပဒေအကြံပေးအဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး အသွင်ကူးပြောင်းလျက်ရှိသော ရပ်ရွာအသိုက်အဝန်းများတွင် ပဋိပက္ခအလွန် ဥပဒေ ပြဿနာများဆိုင်ရာ ဆန်းစစ်ချက်များနှင့် သုတေသနလေ့လာချက် အများအပြား လုပ်ဆောင်ခဲ့ပါသည်။ ဆေအိဒ် ၏ လုပ်ငန်း အတွေ့အကြုံများအနက် ဆူဒန် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးတွင် ရှေ့နေအဖြစ် ဆောင်ရွက်ခြင်း၊ အများပြည်သူ ဥပဒေ ဘာသာရပ် ပို့ချခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အာဖရိကဦးချိုဒေသတွင် အကြမ်းဖက် အစွန်းရောက်

ဝါဒ တားဆီးရေးနှင့် တန်ပြန်တိုက်ဖျက်ရေး၊ ပဋိပက္ခအလွန် ပတ်ဝန်းကျင်တွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရေး ဆိုင်ရာ သင်တန်းများ စီစဉ်ရေးဆွဲရာတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများကို ပံ့ပိုးခြင်းတို့ ပါဝင်ပါသည်။

## International IDEA အဖွဲ့

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် အစိုးရများ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသော အဖွဲ့အစည်းဖြစ်ပါသည်။ ဒီမိုကရေစီကို တစ်ကမ္ဘာလုံးရှိ လူသားအားလုံး မျှော်လင့်တောင့်တကြပြီး ဒီမိုကရေစီရှိလျှင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်သဖြင့် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ တိုးတက်ထွန်းကားရေးကို အဖွဲ့၏ လုပ်ငန်းတာဝန်အဖြစ် ခံယူလျက် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီနည်းကျ နိုင်ငံရေး အဖွဲ့အစည်း စနစ်များနှင့် လုပ်ငန်းစဉ်များကို အဆင့်အားလုံးတွင် တည်ဆောက်ခြင်း၊ အားကောင်းစေခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ပံ့ပိုးမှုပေးသည့် လုပ်ငန်းများဖြစ်ပါသည်။ အဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီလုပ်ငန်းစဉ်များ၊ လုပ်ဆောင်သူများနှင့် အဖွဲ့အစည်းစနစ်များသည် အများပါဝင်မှုရှိပြီး တာဝန်ယူတာဝန်ခံလျက် အားလုံးအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးနိုင်သည့် ကမ္ဘာလောကကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။

### ကျွန်ုပ်တို့၏ လုပ်ငန်းများ

အဖွဲ့၏ လုပ်ငန်းများမှာ အဓိကအားဖြင့် နယ်ပယ်သုံးရပ်ရှိပါသည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့ ဖြစ်ပါသည်။ ဂျန်ဒါနှင့် အများပါဝင်မှု၊ ပဋိပက္ခဆိုင်ရာ စာနာနားလည်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး အကြောင်းအရာများကို လုပ်ငန်းနယ်ပယ်အားလုံးတွင် အဓိက လုပ်ငန်းများအဖြစ် ထည့်သွင်း ဆောင်ရွက်ပါသည်။ International IDEA အဖွဲ့သည် ကမ္ဘာတစ်ဝန်းနှင့် ဒေသအသီးသီးတွင် ဒီမိုကရေစီ အလားအလာများကို ဆန်းစစ်လေ့လာချက်များ ပြုစုခြင်း၊ ဒီမိုကရေစီ ကျင့်စဉ်များဆိုင်ရာ နှိုင်းယှဉ်လေ့လာလျက် အသိပညာ ဖော်ထုတ်ပြုစုခြင်း၊ ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ကိုင်နေသူများအတွက် နည်းပညာ အကူအညီပေးခြင်းနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီ တည်ဆောက်ရေးဆိုင်ရာ အများပြည်သူ အခြေအတင်ဆွေးနွေးမှုများအတွက် သက်ဆိုင်မှုရှိသည့် ကိစ္စရပ်များကို ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပါသည်။

### ကျွန်ုပ်တို့၏ လုပ်ငန်းနေရာများ

အဖွဲ့၏ ရုံးချုပ်မှာ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသအလိုက်နှင့် နိုင်ငံအလိုက် ရုံးများကို အာဖရိကတိုက်၊ အာရှ–ပစိဖိတ်ဒေသ၊ ဥရောပတိုက်နှင့် လက်တင်အမေရိကနှင့် ကယ်ရစ်ဘီယမ် ဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။ International IDEA အဖွဲ့သည် ကုလသမဂ္ဂတွင်

အမြဲတမ်း လေ့လာသူဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့အစည်းများကလည်း တရားဝင် အသိအမှတ်ပြုသော အဖွဲ့အစည်းဖြစ်ပါသည်။

<https://www.idea.int/>

**© 2023 International Institute for Democracy and Electoral Assistance**

မူပိုင်ခွင့် ၂၀၂၂ ခုနှစ် – International Institute for Democracy and Electoral Assistance International (International IDEA) (ဒီမိုကရေစီနှင့်ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက် အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများ မစွက်ဘဲ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA ၏ ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများ ဖြစ်သည်ဟု ယတိပြတ် မဆိုနိုင်ပါ။

ဤစာအုပ် အီလက်ထရောနစ် ထုတ်ဝေမှုကို Creative Commons Attribution–Non-Commercial–ShareAlike 3.0 (CC BY–NC#–SA 3.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ ရှေ့နောက်ပြန်လည်စီစဉ်ခြင်း၊ လိုက်လျောညီထွေ ပြုပြင်ခြင်းများကို စီးပွားဖြစ် ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များ ထည့်သွင်းလျက် တူညီသော လိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creative-commons.org/licenses/by–nc–sa/3.0/> တွင် လေ့လာနိုင်ပါသည်။

ဒီဇိုင်းနှင့် အခင်းအကျင်း – International IDEA

DOI:<https://doi.org/10.31752/idea.2023.27>

ISBN: 978–91–7671–629–8 (PDF)

**International IDEA**
စတွန်းစ်ဘောဂ်
SE– ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် – +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ် – www.idea.int